## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စက်မှုဝန်ကြီးဌာန

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့တွင် ကျင်းပပြုလုပ်သည့်

# Seminar on Poverty Reduction through Vocational Training and Labour Transfer for Developing Countries သို့ တက်ရောက်ခဲ့သည့်

# အစီရင်ခံစာ

ရက်စွဲ။ ၂၀၂၄ ခုနှစ် ၊ ဩဂုတ်လ ၁၅ ရက်

**မာတိကာ**


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ရည်ရွယ်ချက် | ၁ |
| ၂။ | ထောက်ပံ့သည့်အဖွဲ့အစည်း | ၁ |
| ၃။ | ဆွေးနွေးပွဲသွားရောက်ရာဒေသနှင့်တည်နေရာ | ၁ |
| ၄။ | ဆွေးနွေးပွဲတက်ရောက်ခဲ့သည့်မြန်မာကိုယ်စားလှယ်များအဖွဲ့ | ၁ |
| ၅။ | ဆွေးနွေးခဲ့သည့်အကြောင်းအရာများ | ၁-၄ |
| ၆။ | ရရှိခဲ့သောအကျိုးကျေးဇူးများ | ၄-၅ |
| ၇။ | သုံးသပ်တင်ပြချက် | ၅-၆ |
| ၈။ | အကြံပြုတင်ပြချက် | ၆-၇ |
| ၉။ | နိဂုံး | ၇ |
| ၁၀။ | မှတ်တမ်းဓာတ်ပုံများ | ၈-၁၁ |

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့တွင်
## ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့မှ ဇူလိုင်လ ၂၄ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့်
## Seminar on Poverty Reduction through Vocational Training and Labour Transfer for Developing Countries သို့ တက်ရောက်ခဲ့သည့် ကိုယ်စားလှယ် (၁) ဦး၏ အစီရင်ခံစာ

**ရည်ရွယ်ချက်**

၁။ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရေးဖွံ့ဖြိုးတိုးတက်ရေး အတွက် ပိုမိုထိရောက်ပြီး၊ သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များဖြစ်ပေါ်လာစေရေးနှင့် ရွှေ့ပြောင်းလုပ်ကိုင်ခြင်းများမှတစ်ဆင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အတွေ့အကြုံနှင့် ဗဟုသုတများ မျှဝေဆွေးနွေးရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါသည်။

**ထောက်ပံ့သည့်အဖွဲ့အစည်း**

၂။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန “Ministry of Commerce of China- MOFCOM ” မှ ကြီးမှူးဆောင်ရွက်ပေးခဲ့ပါသည်။

**ဆွေးနွေးပွဲသွားရောက်ရာဒေသနှင့် တည်နေရာ**

၃။ Seminar on Poverty Reduction through Vocational Training and Labour Transfer for Developing Countries ဆွေးနွေးပွဲသွားရောက်ခဲ့သည့် နေရာဒေသမှာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ပေကျင်းမြို့ရှိ International Poverty Reduction Center ၌ ဖြစ်ပါသည်။

**ဆွေးနွေးပွဲတက်ရောက်ခဲ့သည့် မြန်မာကိုယ်စားလှယ်များအဖွဲ့**

၄။ ပညာရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ် (၁) ဦး၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ဌာနမှ ကိုယ်စားလှယ် (၁) ဦး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ကိုယ်စားလှယ် (၁) ဦး၊ အလုပ်သမား ဝန်ကြီးဌာနမှ ကိုယ်စားလှယ် (၁) ဦးနှင့် စက်မှုဝန်ကြီးဌာနမှ ကိုယ်စားလှယ်(၁)ဦး စုစုပေါင်း (၅) ဦး သွားရောက်လေ့လာခဲ့ပါသည်။

**ဆွေးနွေးခဲ့သည့် အကြောင်းအရာများ**

၅။ ဆွေးနွေးပွဲကာလသည် (၁၁.၇.၂၀၂၄) ရက်နေ့မှ (၂၄.၇.၂၀၂၄) ရက်နေ့အထိ ဖြစ်ပြီး မြန်မာ၊ နိုင်ဂျီရီးယား၊ ဂျော်ဒန်၊ ဂါနာ၊ အီသီယိုပီးယား၊ ဇင်ပါဘွေ၊ အီရတ်နှင့် လာအိုနိုင်ငံတို့မှ ကိုယ်စားလှယ်စုစုပေါင်း (၃၃) ဦး တက်ရောက်ခဲ့ကြပါသည်။ ဆွေးနွေးပွဲကာလအတွင်း အောက်ပါ အတိုင်း ဆွေးနွေးလေ့လာသိရှိခွင့်ရခဲ့ပါသည်-

(က)၁၁-၇-၂၀၂၄ ရက်နေ့ နံနက်(၁၀:၃၀) နာရီအချိန်တွင် Seminar on Poverty Reduction through Vocational Training and Labour Transfer for Developing Countries ဆွေးနွေးပွဲအခမ်းအနားအား စတင်ကျင်းပခဲ့ပြီး International Poverty Reduction Center in China မှ Deputy Director Ms.Jie Ping နှင့် Director Ms. Guo Yan တို့မှ အဖွင့်အမှာစကားပြောကြားခြင်း၊ နေ့လည်ပိုင်းတွင် Chinese Academy of Labor and Social Security Science မှ Researcher Mr. Li Juan က China's Poverty Alleviation Policies and Practices through Employment ခေါင်းစဉ်ဖြင့် တရုတ်နိုင်ငံ၏ လုပ်သား ခန့်ထားခြင်း ဆိုင်ရာမူဝါဒနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် မဟာဗျူဟာများ၊ မူဝါဒများ ချမှတ်ဆောင်ရွက်ခြင်း၊ ကျေးလက်ဒေသ အလုပ်သမားများ အလုပ်အကိုင်လိုအပ်ချက်များ ဆောင်ရွက်ပေးခြင်းစသည့် လက်တွေ့ဆောင်ရွက် ခဲ့မှုများအကြောင်းအား ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ပါသည်။

(ခ) ၁၂-၇-၂၀၂၄ ရက်နေ့တွင် Overview of China’s Economic and Social Development ခေါင်းစဉ်ဖြင့် International Poverty Reduction Center in China မှ Deputy Director, Dr. Zhang Deliang က ရှင်းလင်းတင်ပြရာတွင် တရုတ်နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု အချက်အလက်များနှင့် ပတ်သက်၍ အကျယ်တဝင့်ရှင်းလင်းပြောကြားပြီး Vocational Education and Skills Training in China Policy and Practice ခေါင်းစဉ်ဖြင့် Tianjin University of Technology and Education မှ Associate Professor, Mr. Xian Gui Cai က တရုတ်နိုင်ငံ၏ အသက်မွေးဝမ်းကျောင်းပညာနှင့် လေ့ကျင့်သင်ကြားမှု ဆိုင်ရာနည်းဗျူဟာများ၊မူဝါဒများ၊သင်ကြားလေ့ကျင့်ရေးဆိုင်ရာအတွေ့အကြုံများ ဖြင့် ထိရောက်စွာဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

(ဂ) ၁၃-၇-၂၀၂၄ ရက်နေ့နှင့် ၁၄-၇-၂၀၂၄ ရက်နေ့တို့တွင် Cultural Experience အနေဖြင့် The Summer Palace၊ The Great Wall နှင့် Traditional Craft Market သို့ သွားရောက်ခဲ့ရပြီး တရုတ်နိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာသိရှိခွင့် ရရှိခဲ့ပါသည်။

(ဃ)၁၅-၇-၂၀၂၄ ရက်နေ့တွင် China’s Poverty Reduction: Policy Innovation and Practice Exploration ခေါင်းစဉ်ဖြင့် Institute of Geographic Science

and Natural Resources, Chinese Academy of Sciences မှ Associate Researcher, Mr. Li Yu Heng က တရုတ်နိုင်ငံအနေဖြင့် တိုင်းပြည်၏ ပြည်သူလူထုအတွက် ဆင်းရဲမှုပပျောက်စေရေး ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး The Policy and Practice of Employment Poverty Alleviation in China ခေါင်းစဉ်များဖြင့် Employment and Entrepreneurship Research Office, Chinese Academy of Labor and Social Security Science မှ Researcher, Mr. Bao ChunLei က ဆင်းရဲနွမ်းပါးမှုလျှော့ချရေးမှတဆင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်အကိုင်မူဝါဒများ ချမှတ်ခြင်း ၊ကျေးလက်ဒေသလုပ်သားပြောင်းရွှေ့မှုများ၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာမူဝါဒများ၊အလေ့အကျင့်များကိုအကျယ်တဝင့်ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

(င) ၁၆-၇-၂၀၂၄ ရက်နေ့တွင် Ministry of Education, Educational Management Information Center, Research Office မှ Researcher, Dr. Xiong Jian Hui က Rural Educational Poverty Alleviation Policy and Practice ခေါင်းစဉ်ဖြင့် ၎င်း၊ Dr. Zhang Huidong က Policies and Practices in China's Industry-Led Poverty Alleviation ခေါင်းစဉ်ဖြင့် တရုတ်နိုင်ငံရှိ Secondary နှင့် Tertiary level ၌ ရှိသော Vocational Institution အရေအတွက်၊ ကျေးလက်နှင့်မြို့ပြမှ တက်ရောက်လျက်ရှိသော ကျောင်းသားများအခြေအနေ ၊ TVET ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းရှင်များနှင့် အကျိုးဆောင်လုပ်ငန်းများပူးပေါင်း၍ ဆင်းရဲမှုလျှော့ကျရေး၊ စီပွားရေးဖွံ့ဖြိုးတက်ရေးမှတဆင့် ဆင်းရဲမှုလျှော့ကျရေး၊အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးခြင်း၊သဘာဝဘေးဒဏ်ခံရသောဒေသများ နေရာပြောင်းရွှေ့ခြင်း၊ ကျေးလက်ဒေသပျက်ဆီးနေသောနေအိမ်များ ပြန်လည်ပြုပြင်ခြင်း၊ ဂေဟစနစ်ကာကွယ်ခြင်းနှင့် ပေါင်းစည်းခြင်း၊ ပညာရေးမြှင့်တင်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ လူမှုဖူလုံရေးစနစ်ထားပေးခြင်း စသည့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် စပ်လျဉ်း၍ အဆင့်ဆင့်ဆောင်ရွက်ခဲ့ပုံများကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

(စ)၁၇-၇-၂၀၂၄ ရက်နေ့မှ ၂၂-၇-၂၀၂၄ ရက်နေ့ထိ တရုတ်နိုင်ငံ၊ ဟူနန်ပြည်နယ်ရှိ ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေမှု၊

Vocational Skills Training Center များ လေ့ကျင့်သင်ကြားမှု၊ ကျေးလက်စိုက်ပျိုးရေးစက်ရုံများ၊ အလုပ်အကိုင်ရရှိစေရေး ဆောင်ရွက်ပေးနေမှုများ၊အစိုးရမှ စီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ရိုးရာယဉ်ကျေးမှု ဆိုင်ရာ အမွေအနှစ်ထိန်းသိမ်းထားမှုများနှင့် ခရီးသွားပြည်တွင်း ၊ ပြည်ပဧည့်သည်များ အတွက် ဒေသဆိုင်ရာယဉ်ကျေးမှုပြပွဲများကို ဒေသန္တရဆိုင်ရာ ဗဟုသုတများအား လေ့လာသိရှိခွင့် ရရှိခဲ့ပါသည်။

(ဆ) ၂၃-၇-၂၀၂၄ ရက်နေ့တွင် Education Lights the Journey of Life- BN Vocational Schools နှင့်ပတ်သက်၍ Beijing Century Old Vocational School မှ Principal, Mr. Wen Bo က အသက်မွေးဝမ်း ကျောင်းဆိုင်ရာ လေ့ကျင့်သင်ကြားရေးနှင့်ပတ်သက်၍ Comptetency Model, Skills, Curriculum များ ရေးဆွဲဆောင်ရွက်ခဲ့မှုများနှင့် အောင်မြင်မှုများကို ရှင်းလင်းပြောကြားခဲ့ပြီး TVET Management System ကို Local Government နှင့် သက်ဆိုင်ရာဌာနတို့ အတူတကွ ပူးပေါင်းဆောင်ရွက်ကြပါကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန် လုပ်ဆောင်ပေးပါကြောင်း၊ နှစ်စဉ်ကျွမ်းကျင်မှုပြိုင်ပွဲများ ကျင်းပ၍ဆုပေးခြင်း၊ ကြိုးစားမှုကိုအသိအမှတ်ပြုခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း အကျယ်တဝင့်ရှင်းလင်း ဆွေးနွေး ပြောကြားခဲ့ပါသည်။

(ဇ) ၂၄-၇-၂၀၂၄ ရက်နေ့တွင် အစည်းအဝေးတက်ရောက်လာသည့် နိုင်ငံ (၈) နိုင်ငံမှ ကိုယ်စားလှယ်တစ်ဦးစီမှ မိမိတို့နိုင်ငံအလိုက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အချက်အလက်များ၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခြေအနေများအား အသီးသီးတင်ပြခဲ့ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံအပေါ် အစည်းအဝေးတက်ရောက်လာသည့် နိုင်ငံများမှ ထင်မြင်ယူဆချက်များ၊ လေ့လာတွေ့ရှိချက်များကို သုံးသပ်တင်ပြခဲ့ကြပါသည်။

**ရရှိခဲ့သောအကျိုးကျေးဇူးများ**

၆။ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ပေကျင်းမြို့ရှိ International Poverty Reduction Center ၌ ကျင်းပပြုလုပ်သော "Seminar on Poverty Reduction through Vocational Training and Labour Transfer for Developing Countries" ဆိုင်ရာ ဆွေးနွေးပွဲခရီးစဉ် သွားရောက်ခဲ့ခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများရရှိခဲ့ပါသည်-

(က)မြန်မာနိုင်ငံရှိ စက်မှုသင်တန်းကျောင်းများနှင့် နည်းပညာအထက်တန်းကျောင်းများ၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနှင့် လက်တွေ့ကျွမ်းကျင်သော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရေးအတွက် အခြေခံလိုအပ်ချက်များ၊ အားသာချက်များနှင့် အားနည်းချက်များ၊ နှိုင်းယှဉ်ရမည့်အချက်များအား လက်တွေ့ တွေ့မြင်နိုင်ခဲ့ခြင်း။

(ခ) လက်တွေ့လုပ်ငန်းများ သင်ကြားပို့ချရာတွင် Industries များနှင့် ချိတ်ဆက်လုပ်ဆောင်လျက်ရှိမှသာ သင်တန်းသားများအနေဖြင့် မိမိကိုယ်ကို ယုံကြည်မှုရှိပြီး လုပ်ငန်းခွင်သို့လည်း အလွယ်တကူဝင်ရောက်နိုင်မည်ဖြစ်ခြင်း၊

(ဂ) နိုင်ငံခြားပံ့ပိုးကူညီမှုများကို အသုံးချ၍ အကျိုးရှိထိရောက်မည့် နည်းလမ်းများအား စီမံဆောင်ရွက်ခြင်း၊ လက်တွေ့လုပ်ငန်းခွင်တွင် လိုအပ်သည့် ဘာသာရပ်များအား ခေတ်နှင့်အညီ သင်ရိုးညွှန်းတမ်းများ ရေးဆွဲသင်ကြားမှုများ ပြုလုပ်ခြင်းဖြင့် သင်တန်းကျောင်းများသည် International Standard ကိုက်ညီစွာဖြင့် စနစ်တကျ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ခြင်း၊

(ဃ)ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များအား ကျယ်ကျယ်ပြန့်ပြန့် သိရှိခဲ့ခြင်း၊

(င) တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ဟန်ချက်ညီစွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါများစေပြီး ဆင်းရဲမှုလျော့ချနိုင်ရေး အကူအညီထောက်ပံ့ဖြစ်စေလျက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ဆက်စပ်နေမှုရှိခြင်း။

**သုံးသပ်တင်ပြချက်**

၇။ "Seminar on Poverty Reduction through Vocational Training and Labour Transfer for Developing Countries" ဆိုင်ရာ ဆွေးနွေးပွဲခရီးစဉ်မှ အောက်ပါအချက်များအား လေ့လာသုံးသပ် တွေ့ရှိရပါသည်-

(က) နိုင်ငံတကာနှင့် ချိတ်ဆက်၍ ပညာရေးစနစ်အား စည်းကမ်းတကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့်အချက်များ၊ အခြေခံမှစ၍ လုပ်ငန်းခွင်တွင် တိုက်ရိုက်အသုံးချနိုင်စေသည်အထိ သင်ကြားပေးနိုင်သည့်အတွက် အောင်မြင်မှုများ ရရှိနေခြင်း ဖြစ်ကြောင်း၊

(ခ) သင်တန်းကျောင်းများ၏ အရည်အသွေး စံချိန်စံညွှန်းများ တိုးတက်ကောင်းမွန်နေခြင်းမှာ သင်ကြားရေးနည်းပြဆရာ တစ်ဦးချင်းစီ၏ နည်းပညာကျွမ်းကျင်မှု အရည်အသွေးပြည့်ဝမှုသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်ကြောင်း၊

(ဂ) နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်မှုသင်တန်းကျောင်းများ တည်ရှိရာ ဒေသ၏ လုပ်ငန်းလိုအပ်ချက်၊ သင်တန်းဆင်းများ၏ အလုပ်အကိုင်ရရှိနိုင်မှု အခွင့်အလမ်း၊ နည်းပညာစိန်ခေါ်မှုများ စသည်တို့ကိုထည့်သွင်းစဉ်းစားပြီး တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့် စနစ်တကျ ချဉ်းကပ်၍ သင်ထောက်ကူ ပစ္စည်းဖြည့်ဆည်းခြင်းနှင့် သင်ရိုးညွှန်းတမ်းလိုအပ်ချက်များကို ပြင်ဆင် ဆောင်ရွက်သင့်ပါကြောင်း၊

(ဃ) ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာ လုပ်ငန်းများအောင်မြင်ရန်အချက်မှာ စည်းလုံးမှုရှိစွာ ပူးပေါင်းဆောင်ရွက်မှုရှိခြင်း၊ ယဉ်ကျေးမှုနှင့်၊ စည်းကမ်းသည် အဓိကဖြစ်သဖြင့် ပြည်သူပြည်သားအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းသည် အကျိုးကျေးဇူးများစွာရရှိပါကြောင်း၊

## အကြံပြုတင်ပြချက်

၈။ “Seminar on Poverty Reduction through Vocational Training and Labour Transfer for Developing Countries” ဆိုင်ရာ ဆွေးနွေးပွဲခရီးစဉ်သို့ သွားရောက်ခဲ့ရာတွင် လေ့လာတွေ့ရှိချက်များအရ-

(က)မြန်မာနိုင်ငံရှိ အသက်မွေးပညာသင်တန်းကျောင်းများတွင် စက်ရုံအလုပ်ရုံများနှင့် ချိတ်ဆက်၍ လက်တွေ့သင်ခန်းစာများအား ပေါင်းစပ်သင်ကြားပေးနိုင်ပါက ပိုမိုအောင်မြင်မှု ရရှိနိုင်မည်ဖြစ်ပါကြောင်း၊

(ခ) Labour Market Demand ပေါ်မူတည်၍ Curriculum များအား Update ဖြစ်စေရန်အတွက် Modify ပြုလုပ်သင့်ပါကြောင်း၊

(ဂ)အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် အစိုးရ၊ ပုဂ္ဂလိက အလုပ်ရှင်၊ အလုပ်သမားသုံးဦးသုံးဖလှယ် ညှိနှိုင်းပူးပေါင်း၍ ဆောင်ရွက်သင့်ပါကြောင်း၊

(ဃ)နိုင်ငံတကာနှင့် ချိတ်ဆက်၍ ပညာရေးအားစနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်လျက်ရှိပြီး၊ ပညာရေးစနစ်ဖွံ့ဖြိုးတိုးတက်လာခြင်းသည်

နိုင်ငံအားအဖက်ဖက်မှ တိုးတက်လာစေပြီး လူနေမှုစနစ်နှင့် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ရရှိစေသဖြင့် ဆင်းရဲနွမ်းပါးမှု လျော့ချလာနိုင်မည်ဖြစ်ကြောင်း၊

(င) NSSA မှ ကျင်းပသော Skills Competitions ပြိုင်ပွဲများတွင် အလုပ်အကိုင်များအလိုက် ပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့် အာဆီယံဒေသတွင်း ကျွမ်းကျင်မှုစံများကိုလည်း လေ့လာဆောင်ရွက်သင့်ပါကြောင်း၊

**နိဂုံး**

၉။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်သည့် Seminar on Poverty Reduction through Vocational Training and Labour Transfer for Developing Countries သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ သွားရောက်ခွင့်ရရှိခဲ့သဖြင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံရှိ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းကျောင်းများနှင့်ပတ်သက်၍ အသေးစိတ်လေ့လာခွင့်ရရှိခဲ့ပြီး၊ နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးကျေးဇူးများစွာရှိသော ခရီးစဉ်တစ်ခုဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

ဒေါ်မြင့်မြင့်သိန်း
ဌာနမှူး
အမှတ်(၈)စက်မှုသင်တန်းကျောင်း(သထုံ)

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်

# မှတ်တမ်းဓါတ်ပုံများ



၁၁.၇.၂၀၂၄ ရက်နေ့ နိုင်ငံ(၈)နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ




၁၁.၇.၂၀၂၄ ရက်နေ့ ဖွင့်ပွဲအခမ်းအနား တက်ရောက်သူများ

# မှတ်တမ်းဓါတ်ပုံများ




၁၅.၇.၂၀၂၄ ရက်နေ့ China’s Poverty Alleviation Policy and Practice ရှင်းလင်းဆွေးနွေးနေပုံ




၁၆.၇.၂၀၂၄ ရက်နေ့ Policies and Practices in China's Industry-Led Poverty Alleviation ခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေးနေပုံ

# မှတ်တမ်းဓါတ်ပုံများ



၁၈.၇.၂၀၂၄ ရက်နေ့ Hunan Otten Luggages Manufacturing Co.ltd သို့ရောက်ရှိစဉ်




၂၁.၇.၂၀၂၄ ရက်နေ့ Xiang nong da Tea Industry သို့ရောက်ရှိစဉ်

# မှတ်တမ်းဓါတ်ပုံများ




၂၄.၇.၂၀၂၄ ရက်နေ့ မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့မှ Presentation ရှင်းပြနေပုံ



၂၄.၇.၂၀၂၄ ရက်နေ့ အခမ်းအနားပိတ်ပွဲ Certificate များလက်ခံရရှိပြီးပုံ